# Golden Dreams

**TERMS AND CONDITIONS**

**Golden Dreams** ဝန်ဆောင်မှု ကိုအသုံးမပြုမီ ဤစည်းမျဉ်းစည်းကမ်းများကို ဖတ်ရှုနားလည်သိရှိထားရန် လိုအပ်ပါသည်။

ဤစည်းမျဉ်းစည်းများအရ **Golden Dreams** ဝန်ဆောင်မှု ကို စီမံဆောင်ရွက်လျှက်ရှိပါသည်။ သင်သည် **Golden Dreams** ဝန်ဆောင်မှု သို့ ဝင်ရောက်အသုံးပြုနေသူ သို့မဟုတ် စာရင်းပေးသုံးစွဲခြင်းပြုနေသူ ဖြစ်ပါက ဤစည်းမျဉ်းစည်းကမ်းများကို ဖတ်ရှုနားလည် သဘောတူလက်ခံပြီးဖြစ်ကြောင်း အတည်ပြုပါသည်။ ဤစည်းမျဉ်း စည်းကမ်းများ၏ အကြောင်းအရာတစ်ခုခုကို လက်ခံသဘောတူညီမှုမရှိပါက **Golden Dreams** ဝန်ဆောင်မှု ကို အသုံးပြုနိုင်မည် မဟုတ်ပါ။

ဤဝန်ဆောင်မှုသည် စည်းကမ်းချက်များနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့် အညီဖြစ်ရမည်။

**အသုံးပြုသူကန့်သတ်ချက်**

၁။ **Golden Dreams** ဝန်ဆောင်မှု ကို အသုံးပြုသူသည် အသက် ၁၈ နှစ်ပြည့်ပြီး သူဖြစ်ရပါမည်။ အသက် ၁၈ နှစ်အောက် ဖြစ်ခဲ့ပါက အုပ်ထိန်းသူ၏ ခွင့်ပြုချက် ရယူပြီးမှသာ အသုံးပြုရပါမည်။

၂။ **Golden Dreams** ဝန်ဆောင်မှုကို MPT ဆင်းမ်ကတ်အသုံးပြုသူများအားလုံး အခပေးစနစ်ဖြစ် အသုံးပြုနိုင်ပါသည်။

MPT ဆင်းမ်ကတ်ပိုင်ရှင် သို့မဟုတ် ဆင်းမ်ကတ်အသုံးပြုရန် ပိုင်ရှင်၏ခွင့်ပြုချက်ရရှိထားပြီး အသုံးပြုသူများကို တရားဝင် အခပေး သုံးစွဲသူအဖြစ် သတ်မှတ်သွားမည်ဖြစ်သည်။

၃။ အသုံးပြုသူသည် သင်၏ ဖုန်းအတွင်းသို့ထည့်သွင်းမည်ဆိုပါက အောက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များကို သဘော တူညီမှုပြုလုပ်ရန်လိုအပ်ပါသည်။

**စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ခြင်း**

၁။ ။စည်းမျဉ်းစည်းကမ်းများကို လိုအပ်သည့်အချိန်၌ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း စသည်တို့အား အခါအားလျော်စွာ တိုးတက်မှုရှိအောင်ပြုပြင်သွားပါမည်။

ထိုဆောင်ရွက်မှုများ အကောင်အထည်ပေါ်လာပါက စည်းမျဉ်းစည်းကမ်း အသစ်များကို စတင်အသုံးမပြုမီ (၁၅) ရက်ခန့် ကြိုတင်၍ အကြောင်းကြားနိုင်ရန်ကြိုးစားပါမည်။

၂။ ။ **Golden Dreams** ဝန်ဆောင်မှုအား အခပေး အသုံးပြုနေသော သူများအတွက် အခါအားလျော်စွာ ကျင်းပပြု လုပ်လေ့ ရှိသော Promotion များနှင့် အခြားသော Campaign များအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို လိုအပ်သလို ထုတ်ပြန် ကြေငြာသွားမည်ဖြစ်ပြီး အငြင်းပွားမှုကိစ္စ အကြောင်းအရာ တစ်စုံတစ်ရာ ရှိခဲ့ပါက "**Golden Dreams** ဝန်ဆောင်မှု**၏**" ဆုံးဖြတ်ချက် အတိုင်းသာ သဘောတူ နားလည်ပြီး လိုက်နာဆောင်ရွက်ရမည်ကို သိရှိပြီးဖြစ်ပါသည်။

## တတိယအဖွဲ့အစည်း ဝန်ဆောင်မှုသို့ ချိတ်ဆက်ခြင်း

၁။ ။**Golden Dreams** ဝန်ဆောင်မှုတွင် အခြားကြော်ငြာ websites (သို့) Mobile App (Linked Site) များ (သို့) ချိတ်ဆက် Link များ ပါဝင်နိုင်ပါသည်။ထိုကြော်ငြာ Linked Sites များသည် ကျွန်ုပ်တို့ ၏ ထိန်းချုပ်မှုအောက်တွင်မရှိပဲ Linked Site များ Update ပြုလုပ်ခြင်း (သို့) ပြောင်းလဲခြင်း တစ်စုံတစ်ရာ (သို့) ကန့်သတ်ခြင်းများ မရှိဘဲ မည်သည့် Linked Site အတွက်မဆို တာဝန်မရှိပေ။

## အဖိုးအခ ကောက်ခံခြင်း

**Golden Dreams** ဝန်ဆောင်မှု အတွက် ဝန်ဆောင်ခ တစ်ရက်လျှင် ၁၄၉ ကျပ် ကျသင့်မည်ဖြစ်ပါသည်။

**Golden Dreams** ဝန်ဆောင်မှုသည် စာရင်းပေးသုံးစွဲသောဝန်ဆောင်မှု ရယူထားရန်လိုအပ်ပါ သည်။

စည်းမျဉ်းစည်းကမ်းများဖတ်ရှုနားလည်ထားပြီး အခပေးဝန်ဆောင်မှုကို မိမိသဘောဆန္ဒအရ မည်သူ တစ်ဦး တစ်ယောက်၏ တိုက်တွန်းမှု ခြိမ်းခြောက်မှုမရှိပဲ ရယူထားသူဖြစ်ရပါမည်။

အခပေးဝန်ဆောင်မှုကို မိမိသဘောဆန္ဒအရေ ကျေနပ်စွာရယူထားပြီးပါက နေ့စဉ်အလိုအလျောက် သက်တမ်း တိုးပေးသွားမည်ဖြစ်ပါသည်။

နေ့စဉ်ကျသင့်ငွေအတွက် လက်ကျန်ငွေ လုံလောက်မှုမရှိပါကထိုနေ့အတွက်သက်တမ်း အလိုအလျောက် တိုးနိုင်မည် မဟုတ်ပါ။

ဝန်ဆောင်မှုကို ဆက်လက်အသုံးမပြုလိုပါက အချိန်မရွေး မိမိသဘောဆန္ဒအရ ဝန်ဆောင်မှု ရပ်နားရန် ပြုလုပ်နိုင်ပါသည်။

## အသုံးပြုသူ၏ ရနိုင်သော အခွင့်အရေး၊ ရပိုင်ခွင့် နှင့် တာဝန်များ

၁။ ယခု ဝန်ဆောင်မှု သည် **MHH Co., Ltd** ကရေးဆွဲထားသော ဝန်ဆောင်မှု တစ်ခုဖြစ်သည်။ တရားဝင် မူပိုင်ခွင့်မှတ်ပုံတင်ထား ပြီး ပြဋ္ဌာန်းထားသော တည်ဆဲတရားဥပဒေ၏ ကာကွယ်မှုအောက်တွင် တည်ရှိသည်။

၂။ **Golden Dreams** ဝန်ဆောင်မှု တွင်ပါဝင်သည့် HTML နှင့် အခြား Code များ, ဖွဲ့စည်းထားသည့် မာတိကာ(Contents)များ၊ အကြောင်းအရာ၊ စာသားများ၊ ပုံများ စသည်တို့အား ကူးယူသုံးစွဲခြင်း၊ ဆင်တူရိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်ခြင်းများကို ပြင်းထန်စွာ တားမြစ်သည်။

၃။ **Golden Dreams** ဝန်ဆောင်မှု ၏ Logo အား ဆင်တူရိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်ခြင်းများ ကိုလည်း ပြင်းထန်စွာ တားမြစ်ထားသည်။

၄။ အခပေး အသုံးပြုသူများသည် **Golden Dreams** ဝန်ဆောင်မှု မှ အခါအားလျော်စွာ ကျင်းပလေ့ရှိသော Promotion အစီအစဉ်များ နှင့် အခြား Campaign အစီအစဉ်များတွင် ထုတ်ပြန်ကြေငြာ ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ပါဝင်ခွင့်ရှိပါသည်။

၅။ အသုံးပြုသူသည် **Golden Dreams** ဝန်ဆောင်မှု တွင် ပါဝင်သည့် အကြောင်းအရာများကို အချိန်နှင့် တစ်ပြေးညီ အသုံးပြုနိုင်ရန် အတွက် Internet (Mobile Data/ Wi Fi) ချိတ်ဆက်အသုံးပြုရန်လိုအပ်ပါသည်။

၆။ **Golden Dreams** ဝန်ဆောင်မှု တွင် လွှင့်တင်ထားသော သတင်းအကြောင်းအရာများကို အများနှင့် သက်ဆိုင်သော နေရာများတွင် ပြန်လည်ဖြန့်ဝေခြင်း၊ တစ်ဦး တစ်ယောက်၏ ပုဂ္ဂလိက အကျိုးစီးပွား၊ အသင်းအဖွဲ့ ကုမ္ပဏီ စသည်တို့၏ အကျိုးစီးပွား အတွက် ဖြန့်ဝေခြင်း၊ ရောင်းချခြင်းများကို ပြင်းထန်စွာ တားမြစ်သည်။

၇။ **Golden Dreams** ဝန်ဆောင်မှု အား တရားဝင်ခွင့်ပြုထားသော www.quizmyanmar.com web portal မှ တစ်ဆင့် လွတ်လပ်စွာ ဖြန့်ဝေသုံးစွဲနိုင်ပါသည်။ အထက်ပါ အချက်အလက်များကို ဖတ်ရှုနားလည်သဘောတူညီပြီးဖြစ်ပါက အသုံးပြုရန် ဆက်လက်လုပ်ဆောင်နိုင်ပြီ ဖြစ်ပါ သည်။